# THE WEIGHTS AND MEASURES OF CAPACITY ACT

# ဆုံသောပမာဏ၏ အလေးချိန်များနှင့် အခြင်အတွယ်များဆိုင်ရာ အက်ဥပဒေ

(အိန္ဒိယအက်ဥပဒေ ၃၁၊ ၁၈၇၁ ခုနှစ်) (၁၈၇၁ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့)

၁။ ဤအက်ဥပဒေကို နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် အထက်မြန်မာနိုင်ငံနှင့် သက်ဆိုင်သည်ဟု မသတ်မှတ်လျှင် ဤအက်ဥပဒေသည် အထက်မြန်မာနိုင်ငံနှင့် မသက်ဆိုင်စေရ။

## (၂) စံနှုန်းများ

**အလေးချိန်၏ စံနှုန်းများ**

၂။ အလေးချိန်၏ မူလစံနှုန်းကို ဆာဟုခေါ်ရမည့်အပြင် အိန္ဒိယအစိုးရ၏ လက်ဝယ်တွင်ရှိသော သတ္တုဖြင့် အလေးချိန်ဖြစ်ရမည်။ ယင်းအလေးချိန်ကို လေဟာနယ်တွင် ချိန်တွယ်လျှင် ဖရန့်စ်နိုင်ငံတွင် ကီလိုဂရမ်ဒီအာခိုက်စ် ဟုခေါ်တွင်သည့် အလေးချိန်နှင့် ညီမျှပါသည်။

**ဆုံသောပမာဏ၏ အလေးချိန်များနှင့် အခြင်အတွယ်များ**

၃။ ဆုံသော ပမာဏ၏ အလေးချိန်နှင့် အခြင်အတွယ်ယူနစ်များသည် အောက်ပါအတိုင်း ဖြစ်စေရမည်။ အလေးချိန်အတွက်ဆိုခဲ့သည့် ဆာ ဆုံသောပမာဏ၏ အခြင်အတွယ်အတွက် လေဟာနယ်၌ ချိန်တွယ်သော အများဆုံးသိပ်သည်းခြင်း၌ ရေအဆိုပါတစ်ဆာပါရှိသော အခြင်အတွယ်။

**ဆုံသောပမာဏ၏ အထူးအလေးချိန်များနှင့် အခြင်အတွယ်များကို ခွင့်ပြုနိုင်ခြင်း**

၄။ နိုင်ငံတော်သမ္မတသည် ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာ ဆိုခဲ့သည့် ယူနစ်များမှတစ်ပါး ဤအက်ဥပဒေအရ ခွင့်ပြုရမည့် ဆုံသောပမာဏ၏ အလေးချိန်များနှင့် အခြင်အတွယ်များ၏ အတိုင်း အတာနှင့် သတ်မှတ်တန်ဖိုးများကို ကြေညာနိုင်သည်။ သို့ရာတွင် ဆုံသောပမာဏ၏ အဆိုပါ အလေးချိန် သို့မဟုတ် အခြင်အတွယ်သည် ဆိုခဲ့သည့် ယူနစ်များအနက် ယူနစ်တစ်ခု၏ ပြီးပြည့်စုံသော အတိုးကိန်း သို့မဟုတ် ပြီးပြည့်စုံသော လက်ဆောင်အတိုးကိန်း ဖြစ်ရမည်။

အဆိုပါ အမိန့်ကြော်ငြာစာတွင် အခြားနည်းအမိန့် ချမှတ်မထားလျှင် ဆုံသောပမာဏ၏ အဆိုပါ အလေးချိန်နှင့် အခြင်အတွယ်အားလုံး၏ ထပ်ဆင့်ခွဲခြမ်းခြင်းများသာ ဒသမကိန်း အစိတ်အပိုင်းများဖြင့် အတိအလင်း ဖော်ပြရသည်။

---

၁။ ဤအက်ဥပဒေသည် စတင်အာဏာတည်နေ့စွဲ

၂။ ဤအက်ဥပဒေသည် မြန်မာဥပဒေများ အက်ဥပဒေ (အိန္ဒိယအက်ဥပဒေ အမှတ် ၁၃၊ ၁၈၉၈ ခုနှစ်)ဖြင့် အထက်မြန်မာပြည်တွင် အတည်ဖြစ်ကြောင်း ကျေညာမထားသော အက်ဥပဒေများတွင် တစ်ခုဖြစ်ပါသည်။ သို့သော် တည်ဆဲဥပဒေအရ ဤအက်ဥပဒေကို ထိုဒေသနှင့် သက်ဆိုင်စေနိုင်ရန် အာဏာကိုထိန်းသိမ်း(စွဲကိုင်)ထားပါသည်။

ခရိုင်များကို မည်သို့ပိုင်ခြင်းသတ်မှတ်ခြင်း

၅။ နိုင်ငံတော်သမ္မတသည် ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် အခါအား လျော်စွာ ခရိုင်များ၏ နယ်နိမိတ်များကို ပိုင်းခြားသတ်မှတ်နိုင်သည်။

မူလစံနှုန်းများကို စီမံထားရှိရမည်

၆။ နိုင်ငံတော်သမ္မတသည် အဆိုပါခရိုင်များအတွက် မိမိသင့်လျော်သည် ထင်မြင်သရွေ့ ဆံ့သောပမာဏ၏ ဆိုခဲ့သည့်ခွင့်ပြုသော အလေးချိန်များနှင့် အခြင်အတွယ်များ၏ မူလစံနှုန်းများနှင့် အစုများကို စီမံထားရှိနိုင်သည်။

၇။ * * * * *

## (၃) ဆံ့သောပမာဏ၏ အလေးချိန်နှင့် အခြင်အတွယ်အသစ်များ အသုံးပြုခြင်း

အစိုးရရုံး စသည်များ၌ ဆံ့သောပမာဏ၏ အလေးချိန်နှင့် အခြင်အတွယ်အသစ်များ အသုံးပြုခြင်း

၈။ နိုင်ငံတော်သမ္မတက အစိုးရရုံး သို့မဟုတ် မြူနီစီပယ်အဖွဲ့၊ သို့မဟုတ် မီးရထားကုမ္ပဏီ တစ်ခုခုက အသုံး ပြုရမည့် ဆံ့သောပမာဏ၏ အလေးချိန်များနှင့် အခြင်အတွယ်များ မှန်ကန်ကြောင်း အတည်ပြုခြင်းအတွက် ဆံ့သောပမာဏ၏ သင့်လျော်သော စံနှုန်းရှိ အလေးချိန်များနှင့် အခြင်အတွယ်များကို ရရှိအောင် ပြုပေးသည်ဟု ထင်မြင်သည့်အခါတိုင်း နိုင်ငံတော်သမ္မတသည် ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ရမည့် နေ့ရက်နောက်တွင် ဆိုခဲ့သည့်အတိုင်း ဆံ့သောပမာဏ၏ အလေးချိန်နှင့် အခြင်အတွယ်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကို ဖြစ်စေ အဆိုပါရုံး၊ သို့မဟုတ် ကုမ္ပဏီက အရောင်းအဝယ်များနှင့် ပဋိညာဉ်စာချုပ်များတွင် အသုံးပြုရမည်ဟု ညွှန်ကြားနိုင်သည်။

ဆံ့သောပမာဏ၏ အလေးချိန်သို့မဟုတ် အခြင်အတွယ်ဖြင့် ပဋိညာဉ်စာချုပ်များ

၉။ ပုဒ်မ ၈ အရ အမိန့်ကြော်ငြာစာ တစ်ခုခုတွင် သတ်မှတ်သည့်နေ့ရက်နောက် ဆံ့သောပမာဏ အလေးချိန် သို့မဟုတ် အခြင်အတွယ်ဖြင့် ပြုလုပ်သော လုပ်ငန်းတစ်ခုခုအတွက်ဖြစ်စေ အဆိုပါ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် အရာရှိများ၊ အဖွဲ့များ သို့မဟုတ် ကုမ္ပဏီများက ပြုလုပ်ထားသည့် အရောင်းအဝယ်များနှင့် ပဋိညာဉ်စာချုပ်အားလုံးသည် ဆန့်ကျင်ကွဲလွဲသော အထူးသဘောတူညီချက် မရှိလျှင် အဆိုပါအရာရှိများ၊ အဖွဲ့များ၊ သို့မဟုတ် ကုမ္ပဏီများ အသုံးပြုရမည်ဟု အဆိုပါ အမိန့်ကြော်ငြာစာတွင် ညွှန်ကြားထားသည့် ဆံ့သောပမာဏ၏ အလေးချိန်များ သို့မဟုတ် အခြင်အတွယ်များအတိုင်း ပြုလုပ်သည်ဟု မှတ်ယူရမည်။

## (၄) ဝါဒင်ကြီးကြပ်ကွပ်ကဲသူများ

ဝါဒင်ကြီးကြပ်ကွပ်ကဲသူများ ခန့်ထားခြင်း

၁၀။ နိုင်ငံတော်သမ္မတသည် အထက်တွင် ဖော်ပြထားသည့် ခွင့်ပြုထားသည့် ဆံ့သောပမာဏ၏ အလေးချိန် များနှင့် အခြင်အတွယ်များ မူလနှင့် ဒေသန္တရ (ပြည်တွင်း) စံနှုန်းများနှင့် အစုံများကို ထိန်းသိမ်းထားရန် အတွက် ဝါဒင်ကြီးကြပ်ကွပ်ကဲသူများကို ခန့်ထားရမည်။

၁၁။ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြရာပါ ကိစ္စများအတွက် ဤအက်ဥပဒေနှင့် ညီညွတ်သော နည်းဥပဒေများကို အခါအားလျော်စွာ ပြုလုပ်နိုင်သည်။

(က) ဝါဒင်ကြီးကြပ်ကွပ်ကဲသူများကို ခန့်ထားခြင်း၊

(ခ) ဝါဒင်ကြီးကြပ်ကွက်ကဲသူများအား ယင်းတို့၏ တာဝန်ဝတ္တရားများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသော ကိစ္စရပ်များအားလုံးတွင် လမ်းညွှန်ခြင်း

(ဂ) စံနှုန်းများ စီမံထားရှိပေးခြင်း၊ အစားထိုးခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်း ဤအက်ဥပဒေအရ ခွင့်ပြုထားသော

(ဃ) ဤအက်ဥပဒေအရ ခွင့်ပြုထားသော ဒေသန္တရ(ပြည်တွင်း)စံနှုန်းများနှင့် ဆိုင်သောပမာဏ၏ အခြင်အတွယ်များနှင့် ချိန်ခွင်များ မှန်ကန်ကြောင်း အတည်ပြုရန် နည်းလမ်းနှင့် အဆိုပါ မှန်ကန်ကြောင်း အတည်ပြု ချက်ကို သက်သေခံလက်မှတ်ရေးထိုးခြင်း

သို့ရာတွင် အဆိုပါမှန်ကန်ကြောင်း အတည်ပြုခြင်းကို နှစ်နှစ်လျှင်တစ်ကြိမ်ထက် ပို၍ပြုလုပ်ရန် မလိုအပ်စေရ။

(င) အလေးချိန်များ၊ ကုန်ချိန်စက်(ကတ္တား)များနှင့်ဆိုသော ပမာဏ၏ အခြင်အတွယ်များကိုလည်းကောင်း၊ ယင်းတို့အသုံးပြုသည့် ချိန်ခွင်များကိုလည်းကော်း ကြည့်ရှုစစ်ဆေးခြင်း၊ မှန်ကန်ကြောင်း အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ အစိုးရ၏ မြူနီစီပယ် အဖွဲ့များနှင့် မီးရထားကုမ္ပဏီများ လိုက်နာရမည့် စည်းကမ်းချက်များ

(စ) ဤအက်ဥပဒေအရ ခွင့်ပြုထားသည့် ဆိုသောပမာဏ၏ အလေးချိန်များနှင့် အခြင်အတွယ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခြင်း၊ မှန်ကန်ကြောင်းအတည်ပြုခြင်းနှင့် စပ်လျဉ်း၍ အစိုးရ၏ မြူနီစီဝပါယ်အဖွဲ့များနှင့် မီးရထားကုမ္ပဏီများ လိုက်နာရမည့် စည်းကမ်းချက်များ

(ဆ) ဤအက်ဥပဒေအရ ခွင့်ပြုထားသော အလေးချိန်များ၊ ကုန်ချိန်စက်များနှင့်ဆိုသောပမာဏ၏ အခြင်အတွယ်များကိုလည်းကောင်း၊ ချိန်ခွင်များကိုလည်းကောင်း မှန်ကန်ကြောင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်းနှင့် မှန်ကန်ကြောင်း အတည်ပြုခြင်းကို သက်သေခံလက်မှတ် ရေးထိုးခြင်းအတွက် ပေးဆောင်ရမည့် အခကြေးငွေများ။

နည်းဥပဒေများ ထုတ်ပြန်ခြင်း

၁၂။ အဆိုပါနည်းဥပဒေများကို ပြန်တမ်းတွင် ထုတ်ပြန်ရမည်။

နည်းဥပဒေများကို အထူးသက်ဆိုင်(ကျင့်သုံး)သည့်အခါ ဥပဒေကဲ့သို့ အာဏာတည်ရှိခြင်း၊

နိုင်ငံတော်သမ္မတသည် ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် အဆိုပါ နည်းဥပဒေအားလုံး၊ သို့မဟုတ် တစ်ခုခုသည် အစိုးရရုံး၊ မြူနီစီပါယ် အဖွဲ့ သို့မဟုတ် မီးရထားကုမ္ပဏီနှင့် စပ်လျဉ်း၍ အမိန့်ကြော်ညာစာတွင် ဖော်ပြထားသည့် နေ့ရက်မှစ၍ လည်းကောင်း၊ ယင်းနေ့ရက်နောက်၌လည်းကောင်း အာဏာတည်ရမည်ဟု ကြေညာနိုင်သည်။ ထိုအခါ အဆိုပါအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြ၍ထားသည့် အတိုင်းအတာအထိ အဆိုပါနည်းဥပဒေများ သို့မဟုတ် နည်းဥပဒေသည် ဥပဒေကဲ့သို့ အာဏာတည်ရမည်။

အစိုးရ အရာရှိများနှင့် အခြားနည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရခြင်း

၁၃။ အစိုးရအရာရှိများ မြူနီစီပါယ်အရာရှိများနှင့် မီးရထားအရာရှိများ၊ ကုမ္ပဏီများမှ အရာရှိများနှင့် အမှုထမ်းများအားလုံးတို့သည် အဆိုပါနည်းဥပဒေများကို သင်းတို့နှင့် သက်ဆိုင်သည်နှင့်အမျှ လိုက်နာဆောင်ရွက် ရမည့် အဆိုပါ နည်းဥပဒေများတွင် ပြဋ္ဌာန်းသည့်အခါပါ

အခကြေးငွေများကို ပေးဆောင်ရမည်။ ဒင်ကြီးကြပ် ကွပ်ကဲသူက မသင့်လျော်သော အရာများကို မှန်ကန်ကြောင်း အတည်ပြုရန် သို့မဟုတ် ပြင်ဆင်ရန် ၆%ဆိုနိုင်ခြင်း

၁၄။ ဝါဒင်ကြီးကြပ်ကွပ်ကဲသူသည် မှန်ကန်ကြောင်းအတည်ပြုရန် အတွက် သို့မဟုတ် ပြင်ဆင်ရန်အတွက် မိမိထံသို့ ယူဆောင်လာသော မည်သည့်အရာမဆို မသင့်လျော်ဟု ထင်မြင်ယူဆလျက် ဖျက်ဆီးနိုင်သည်၊ သို့မဟုတ် အသုံးမပြုနိုင်တော့လောက်အောင် ပြုနိုင်သည်။

**ဝါဒင်ကြီးကြပ်ကွပ်ကဲသူ၏ အာဏာများအနက် အာဏာတစ်ခုခုကို ကျင့်သုံးခြင်း**

၁၅။ ဝါဒင်ကြီးကြပ်ကွပ်ကဲသူပေါ်တွင် ဤအက်ဥပဒေအရ အပ်နှင်းသည့်အာဏာများနှင့် သတ်မှတ်သည့် တာဝန်ဝတ္တရားများ အနက်တစ်ခုခုကို နိုင်ငံတော်သမ္မတက အခါအားလျော်စွာ ခန့်အပ်ထားသည့် အခြားအရာရှိတစ်ဦးဦးက ကျင့်သုံးနိုင်သည်၊ ဆောင်ရွက်နိုင်သည်။

**ဝါဒင်ကြီးကြပ်ကွပ်ကဲသူ၏ အမှတ်အသားများကို အတုပြုလုပ်ခြင်း**

၁၆။ မည်သူမဆို ပုဒ်မ ၁၁ အရ ဝါဒင်ကြီးကြပ ်ကွပ်ကဲသူ အသုံးပြုသည့် အမှတ်အသားတစ်ခုခု သိလျက်နှင့် အတုပြုလုပ်လျှင် သုံးနှစ်ထိထောင်ဒဏ် ထိုက်သင့်စေရမည့်အပြင် ငွေဒဏ်လည်းချမှတ်ခံရမည်။

**ညီမျှခြင်းများ၏ ဇယားများ**

၁၇။ နိုင်ငံတော်သမ္မတသည် ဤအက်ဥပဒေအရ ခွင့်ပြုထားသည်များမှတစ်ပါး ထိုသို့ခွင့်ပြုထားသည့် ဆုံသော ပမာဏ၏ အလေးချိန်များနှင့် အခြင်အတွယ်များအတိုင်း ဆုံသောပမာဏ၏ အလေးချိန်များနှင့် အခြင်အတွယ်များ၏ ညီမျှခြင်းများ၏ ဇယားများကိုပါ အခါအားလျော်စွာ ပြင်ဆင်ပြုစုနိုင်သည်။ ထိုသို့ ဖော်ပြထားသည့် ညီမျှခြင်းများသည် ပြန်တမ်း၌ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ညီမျှခြင်းအမှန်များ ဖြစ်သည်ဟု မှတ်ယူရမည်။